# PSPS- အချိန်ပြဇယား

ပြင်းထန်သော ရာသီဥတုအခြေအနေများကြောင့်
PSPS ကို ထုတ်ပြန်ရပါက ဤအဆင့်ငါးဆင့်သည်
သင်မျှော်လင့်နိုင်သည့်အရာကို နားလည်သဘောပေါက်စေရန်
အထောက်အကူပြုမည်ဖြစ်သည်။

## 1

**ကျွန်ုပ်သည်**
တစ်နှစ်တာပတ်လုံး ဖြစ်လာနိုင်သည့်
လျှပ်စစ်မီးပြတ်တောက်မှုအတွက်
ပြင်ဆင်လျက်ရှိသည်

## 2

**ကျွန်ုပ်၏ လျှပ်စစ်ဓာတ်အားကို ပိတ်ပစ်နိုင်ကြောင်း**
ကျွန်ုပ်အား သတိပေးပြီးဖြစ်သည်။

## 3


**ကျွန်ုပ်သည် ကျွန်ုပ်နှင့် ကျွန်ုပ်၏ လူမှုအသိုက်အဝန်း**
ဘေးကင်းမှုရှိကြောင်း အထောက်အကူဖြစ်စေရန် ကျွန်ုပ်၏ လျှပ်စစ်ဓာတ်အား သုံးစွဲမှုကို ပိတ်ပစ်စေခဲ့သည်။

## 4

**PGE က လိုင်းများကို စစ်ဆေးပြီး ပျက်စီးမှုကို ပြုပြင်ပြီးသည်နှင့် ကျွန်ုပ်၏ လျှပ်စစ်ဓာတ်အား**
ပြန်လည်ရရှိရန် စောင့်ဆိုင်းလျက်ရှိပါသည်

## 5

**ကျွန်ုပ်၏ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိသည့်အတွက် ဝမ်းမြောက်ရပြီး**
နောက်တစ်ကြိမ်အတွက် ကျွန်ုပ်၏ ပြင်ဆင်မှုများကို မွမ်းမံလုပ်ဆောင်ရန် ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်



# သတင်းအချက်အလက်များကို သိရှိနေပါစေ

ကျွန်ုပ်တို့၏ သုံးစွဲသူဝန်ဆောင်မှုအကြံပေးများသည် သင့်အား
ဘာသာစကား 200 ကျော်ဖြင့် ကူညီပေးနိုင်ပါသည်။

معلومات متوفرة بلغتك

သင့်ဘာသာစကားဖြင့် အချက်အလက်

以您母语提供的信息

以您母語提供的資訊

اطلاعات به زبان شما

情報を見る

사용자 언어로 정보 확인

Tuáñr zuban ot mazé maaluma

Informații în limba dvs.

Информация на вашем языке

Macluumaad Kuqoran Luuqadaada

Información en su idioma

Taarifa katika Lugha Yako

ပိုမိုလေ့လာရန် **portlandgeneral.com/wildfireoutages**
တွင် သွားရောက်ကြည့်ရှုပါ သို့မဟုတ် နောက်ဆုံးရအခြေအနေများ
အတွက် ကျွန်ုပ်တို့ကို **503-228-6322** မှတစ်ဆင့် ဖုန်းခေါ်ဆိုပါ။

PGE

# မီးလောင်လွယ်သော ရာသီ ဖြစ်ပါတယ်။

# ကြိုတင်ပြင်ဆင်ထားပါသလား။

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုအတွက် ကြိုတင်ပြင်ဆင်ခြင်းသည်
တစ်နှစ်တာပတ်လုံးအတွက် သင့်တော်သည့် အကြံအစည်ကောင်း
ဖြစ်သည်။ ကျွန်ုပ်တို့ ကြိုတင်ပြင်ဆင်နေပြီး သင့်ကိုလည်း ကြိုတင်
ပြင်ဆင်စေလိုပါသည်။

PGE

# Public Safety Power Shutoff ဆိုသည်မှာ အဘယ်နည်း။

ပြင်းထန်သော ရာသီဥတုအခြေအနေများက ကျွန်ုပ်တို့၏ လျှပ်စစ်ဓာတ်ကြိုးများ ဘေးကင်းစွာလည်ပတ်နိုင်မှုကို ခြိမ်းခြောက်လာပါက လျှပ်စစ်ဓာတ်အားကို ဖြတ်တောက်ထားနိုင်ပါသည်။ ဤဘေးကင်းရေးစီမံချက်ကို Public Safety Power Shut Off (အများပြည်သူဘေးကင်းရေး ဓာတ်အားဖြတ်တောက်မှု) သို့မဟုတ် PSPS ဟုခေါ်သည်။

**PSPS လိုအပ်ခြင်းရှိ၊ မရှိ ဆုံးဖြတ်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားပါသည်-**




လေပြင်းတိုက်ခြင်း



စိုထိုင်းဆ နည်းပါးခြင်း အဆင့်များ




မြေဆီလွှာ ခြောက်သွေ့မှု



ကွင်းဆင်းလေ့လာမှုမှ အချိန်နှင့်
တစ်ပြေးညီ လေ့လာတွေ့ရှိချက်များ



အပူချိန်



အထူးသတိပေးချက်



ဒေသတွင်း၊ ပြည်နယ်နှင့် ဒေသဆိုင်ရာ
အေဂျင်စီများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်း

Public Safety Power Shutoffs သည် ရက်ပေါင်းများစွာ ကြာရှည်နိုင်သောကြောင့် ကျွန်ုပ်တို့ အားလုံးသည် ကြိုတင်ပြင်ဆင်ထားပြီး သင့်တွင် အရေးပေါ် အစီအစဉ်တစ်ခု ရှိရန်မှာ အရေးကြီးပါသည်။

## တစ်နှစ်ပတ်လုံး တောမီးအတွက် ကျွန်ုပ်တို့ ကြိုတင်ပြင်ဆင်ပုံ

ကျွန်ုပ်တို့သည် လူများ၊ ပိုင်ဆိုင်ထားသည့်အရာများ နှင့် သဘာဝ ပတ်ဝန်းကျင်များကို ကာကွယ်ရန် ပိုမို သတိထားသင့်ပါသည်။ နှစ်စဉ် ကျွန်ုပ်တို့၏ ဝန်ဆောင်မှု ဧရိယာများကို ကြည့်ရှုစစ်ဆေးပြီး ပိုမိုကောင်းမွန်စေရန် သစ်ပင်နှင့် အကိုင်းများ ဖြတ်တောက်ရှင်းလင်းရေး လိုအပ်ချက်များကို လုပ်ဆောင်ပါသည်။ ကျွန်ုပ်တို့သည် မီးဘေးအန္တရာယ်ခံနိုင်ရည် အားတိုးမြင့်ရန်နှင့် မီးလောင်ကျွမ်းမှုအန္တရာယ်ကို လျှော့ချရန်အတွက် လိုအပ်သည့်နေရာတွင် စက်ပစ္စည်းများကို ပြုပြင်မွမ်းမံခြင်း သို့မဟုတ် အစားထိုးခြင်းများကို လုပ်ဆောင်ပါသည်။

## အောက်ပါတို့သည် သင်မျှော်လင့်နိုင်သည့်အရာများ ဖြစ်သည်

PSPS ကို သက်ဝင်လုပ်ဆောင်ရန် လိုအပ်ပါက သက်ရောက်သည့် လူဦးရေနှင့် လျှပ်စစ်စွမ်းအင်မရှိသည့် ကြာချိန်ကို အနည်းဆုံးဖြစ်စေရန် ကျွန်ုပ်တို့ ကြိုးပမ်းလုပ်ဆောင်ပါသည်။

**သင့်အား အမြဲအကြောင်းကြားခြင်း**
PSPS မတိုင်မီ ကာလအတွင်းနှင့် ပြီးနောက်တွင် ကျွန်ုပ်တို့သည် ဖြစ်ပျက်နေသည့် အကြောင်းအရာများနှင့်ပတ်သက်သည့် အချက်အလက်နှင့် နောက်ဆုံးရအခြေအနေများကို နည်းလမ်းများစွာဖြင့် ဖော်ပြပေးပါမည်။ ကျွန်ုပ်တို့က စဉ်ဆက်မပြတ် အသိပေးနိုင်စေရန် သင်၏ ဆက်သွယ်ရန် အချက်အလက်များကို ဝဘ်ပေါ်တွင်ဖြစ်စေ PGE အက်ပ်တွင်ဖြစ်စေ သေချာအောင် မွမ်းမံပြင်ဆင်ရပါမည်။

**ကျွန်ုပ်တို့၏ လူမှုအသိုက်အဝန်းများကို ထောက်ပံ့ခြင်း**
PSPS ကာလအတွင်း သတင်းအချက်အလက်၊ ရေ၊ လျှပ်စစ်ပစ္စည်းများနှင့် Wi-Fi အသုံးပြုခွင့်အတွက် အားသွင်းခြင်းကို ပံ့ပိုးနိုင်ရန်အတွက် ကျွန်ုပ်တို့၏ လူမှုအသိုက်အဝန်း အရင်းအမြစ်စင်တာများကို သတ်မှတ်ပြင်ဆင်ပေးမည်ဖြစ်သည်။

**သင့်လျှပ်စစ်ဓါတ်အားကို ဘေးကင်းစွာ ပြန်လည်ရယူ အသုံးပြုခြင်း**
ထိုသို့ပြုလုပ်ရန် ဘေးကင်းသောအခါတွင် ကျွန်ုပ်တို့၏ အဖွဲ့သားများသည် ပျက်စီးမှုများအတွက် ကျွန်ုပ်တို့၏ လိုင်းများနှင့် စက်ပစ္စည်းများကို တစ်မိုင်ချင်းစီ ကြည့်ရှုစစ်ဆေးကာ လိုအပ်သလို ပြုပြင်မှုများပြုလုပ်ပြီးနောက် ဘေးကင်းသည့် ဓာတ်အားပြန်လည်ရရှိရန်အတွက် မြန်မြန်ဆန်ဆန်လုပ်ဆောင်ပေးပါသည်။ ဓာတ်အား ဘေးကင်းစွာ ပြန်လည်ရရှိရန် ကျွန်ုပ်တို့ လုပ်ဆောင်သည့် အဆင့်များကို မြင်တွေ့နိုင်ဖို့ ဤပုံကို တစ်ချက်ကြည့်လိုက်ပါ။

နောက်ထပ် အချက်အလက်များကို
**portlandgeneral.com/wildfire** တွင် တွေ့ရှိနိုင်သည်

# သင်ကြိုတင်ပြင်ဆင်သင့်သော အဆင့်များ

မိုးလေဝသ အခြေအနေများနှင့် အခြားအကြောင်းရင်းများပေါ် မူတည်၍ Public Safety Power Shutoff (PSPS) သည် ရက်များစွာ ကြာမြင့်နိုင်ပါသည်။ ကြိုတင်ပြင်ဆင်ထားရှိမည့်ပစ္စည်းများကို ရေလုံပြီး ကိုက်ဖြတ်သတ္တဝါရန်မှ ကာကွယ်နိုင်သော ထည့်စရာများတွင် သိမ်းဆည်းပြီး သင့်ပစ္စည်းကိရိယာအစုံကို လိုအပ်သလို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် ဖြည့်တင်းပါရန် အကြံပြုပါသည်။

**1** **စဉ်ဆက်မပြတ်သိရှိနေပါ** *သင်၏ ဆက်သွယ်ရန် အချက်အလက်ကို အပ်ဒိတ်လုပ်ပါ၊ သို့မှသာ ကျွန်ုပ်တို့ သင့်အား ဆက်လက်အကြောင်းကြားနိုင်ပါမည်။*



**2** **ဓာတ်အားဖြတ်ကာလသုံး ပစ္စည်းကိရိယာအစုံကို ဖန်တီးပါ** *သင့်အိမ်ရှိ လူတိုင်းအား ထိုကိရိယာစုံကို ရှာတွေ့နိုင်မည့် နေရာကို သိစေပါ။*



ထည့်သွင်းရမည့် အခြေခံပစ္စည်းအချို့မှာ-

- PGE သုံးစွဲသူဝန်ဆောင်မှု အပါအဝင် အရေးပေါ်ဖုန်းနံပါတ်များ- 503-228-6322။ **ကျွန်ုပ်တို့၏ သုံးစွဲသူ ဝန်ဆောင်မှု အကြံပေးများသည် ဘာသာစကားပေါင်း 200 ကျော်ဖြင့် သင့်အား ကူညီပေးနိုင်ပါသည်**။
- လက်နှိပ်ဓာတ်မီးများ သို့မဟုတ် နဖူးစည်းဓာတ်မီးများ
- ဘက်ထရီစွမ်းအင်သုံး သို့မဟုတ် လက်ဆွဲရေဒီယို
- ဘက်ထရီအပိုများ (အထူးသဖြင့် အောက်ဆီဂျင်အိုးများ သို့မဟုတ် အခြား ဆေးဝါးကိရိယာများအတွက်)
- ကားအားသွင်းကိရိယာများ အပါအဝင် အီလက်ထရွန်နစ် အားသွင်းကိရိယာများ
- အထူးသဖြင့် ရေအတွက် လျှပ်စစ်ပန့်ပ်ကို သင်အားကိုးနေရပါက တစ်နေ့လျှင် လူတစ်ဦးစာ ရေတစ်ဂါလံ
- သင်ရေခဲရချိန်အထိ အစားအစာနှင့် ဆေးဝါးများကို အေးမြစွာထားရန် အေးခဲထားသော ရေခဲထုပ်များ သို့မဟုတ် ရေအိတ်များ/ပုလင်းများ
- ပုပ်သိုးမလွယ်သော အစားအစာနှင့် ဘူးဖောက်တံ၊ အိုးများ၊ ဒယ်များနှင့် ပရိဘောဂများ
- သယ်ယူနိုင်သော လေအေးပေးပန်ကာ
- ဘုတ်ဂိမ်းများ၊ စာအုပ်များနှင့် ကစားစရာကတ်များ
- အိမ်အပြင်ဘက်သုံး အကင်စက်၊ ဂတ်စ်သုံး အကင်စက် သို့မဟုတ် စခန်းချ မီးဖိုအပြင် လောင်စာဆီနှင့် မီးခြစ် သို့မဟုတ် ယမ်းမီးခြစ်များ

**3** **ဓာတ်အားပြတ်တောက်နေစဉ်အတွင်း** *သင့်မိသားစုနှင့် သင့်အိမ်ကို ဘေးကင်းစွာထားရန် အစီအစဉ်ရေးဆွဲပါ။*



- အထူးသဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုဖို့လိုအပ်သော ကျန်းမာရေးအခြေအနေတစ်ခု သင့်မှာရှိနေလျှင် သို့မဟုတ် ဓာတ်အားပြတ်တောက်မှုအတွင်း အိမ်ကနေ အလုပ်လုပ်ဖို့ သို့မဟုတ် စာသင်ဖို့ လိုအပ်မယ်ဆိုလျှင် နေရာရွှေ့ပြောင်းဖို့ သူငယ်ချင်း၊ မိသားစုဝင် သို့မဟုတ် ကူညီကယ်ဆယ်ရေးနေရာတစ်ခုနဲ့ အစီအစဉ်ကြိုဆွဲထားပါ။
- ဓာတ်အားပြတ်တောက်မှုကာလအတွင်း ဆေးဘက်ဆိုင်ရာကိရိယာပစ္စည်းများကို ဓာတ်အားပေးနိုင်စေဖို့ ဆေးပညာလိုအပ်ချက်တွေကို အစီအစဉ်ဆွဲထားပြီး ကျွန်ုပ်တို့ရဲ့ Medical Certificate (ဆေးဘက်ဆိုင်ရာအသိအမှတ်ပြုလက်မှတ်) အစီအစဉ်မှာ လျှောက်ထားဖို့ စဉ်းစားပါ။ ဒီလိုမှ ဓာတ်အားပြတ်တောက်မှုနဲ့ပတ်သက်ပြီး ကျွန်ုပ်တို့က သင်နဲ့တက်ကြွစွာ ဆက်သွယ်လုပ်ဆောင်နိုင်မှာပါ။ အစီအစဉ် နှင့် ပတ်သက်ပြီး ပိုမိုသိရှိရန်အတွက် **portlandgeneral.com/medical** ကို ကြည့်ပါ သို့မဟုတ် 503-612-3838 ကိုခေါ်ဆိုပါ။
- အရန်မီးစက်တစ်လုံး ဝယ်ရန် စဉ်းစားပြီး မီးစက်၏ ဘေးကင်းသော မောင်းနှင်မှုအတွက်အတွက် ထုတ်လုပ်သူ၏ လမ်းညွှန်ချက်များကို လိုက်နာပါ။
- ရေအတွက် လျှပ်စစ်ဓာတ်အားသုံး ရေစုပ်ပန့်ကို အားထားနေရသူဖြစ်ပါက အိမ်မွေးတိရစ္ဆာန် သို့မဟုတ် မွေးမြူရေးတိရစ္ဆာန်တို့ကို အစာကျွေးဖို့နဲ့ရေတိုက်ဖို့ အစီအစဉ်ဆွဲပါ။
- သင့်ခရိုင်ဒေသ၏ ဝဘ်ဆိုက် သို့မဟုတ် **National Fire Protection Association (နိုင်ငံတော် မီးဘေးကာကွယ်ရေး အသင်းအဖွဲ့)**၊ **Red Cross (ကြက်ခြေနီ)**နှင့် **Ready.gov** တို့မှ နောက်ထပ်အချက်အလက်များ ရယူပါ။

**သင့်စက် ဘက်ထရီခံနိုင်စေရန် အကူအညီ-**

- မပိတ်ထားပါနှင့် – သင်၏ တက်ဘလက် သို့မဟုတ် ဖုန်းက ပိတ်ထားချိန်တွင် ဘက်ထရီအားပိုသုံးသောကြောင့် ပိတ်မည့်အစား အိပ်စက်မုဒ် လုပ်ထားပါ။
- ဘလူးတုသ်နှင့် သင်မလိုအပ်သည့် အသိပေးချက်များကို ကိုယ်တိုင် ပိတ်ထားပါ (အရေးပေါ် အသိပေးချက်များကို ဖွင့်ထားပါ)။
- Wi-Fi မလိုအပ်ပါက ပိတ်ထားပါ။
- ဖန်သားပြင်၏ တောက်ပမှုကို နည်းနိုင်သမျှ အနည်းဆုံးထားပါ။
- အက်ပ်များ အသုံးပြုပြီးသောအခါ ပိတ်ထားပါ။

အပိုဆောင်း ကြိုတင်ပြင်ဆင်ရေး အကြံဉာဏ်များကို **portlandgeneral.com/prepare** (အင်္ဂလိပ်ဘာသာဖြင့်) တွင် ရှာဖွေပါ။